
ဝရိန္တမိုး
နတ်ကဝေတိုက်ပွဲ

"ဟဲ့ … မိုးမြေ … သူတောင်းစား လာစမ်း။ လူဆိုတာ ကိုယ်နေရာကို သိရတယ်ဟ နွားရဲ့ ။ အခုဟာ ကစားဖို့ လာပါလာပါ ခေါ်နေတာတောင် သူတောင်းစားက မလာချင်ဘူး" ဟု ဒေါ်စိန်ရင်၏ ကြမ်းတမ်းလှတဲ့ စကားသံကို မိုးမြေ အံကြိတ်လျက် မျက်ရည်ပေါက်ပေါက် ကျကာ ဝမ်းနည်း ကြေကွဲစွာဖြင့် ဒေါ်စိန်ရင်၏ အော်သံပြောသံကို မသိယောင်ဆောင်လျက်

" ဒေါ်လေးရယ် ကောင်းပါပြီဗျာ၊ အခုက ရွာထိပ်က ဦးသိန်းတန်အိမ်မှာ သွားပြီး ထင်းပေါက် ပေးနေလို့ ပါဗျာ။ ဒေါ်လေးက စိတ်ချည်းဘဲ"

ဒေါ်စိန်ရင်၏ အော်ငေါက်သံကို ပြန်လည် ချေပလိုက်၏။

"စကားတောင်းစား ငါ လာပြီးတောင် ပြန်ပြောနေသေးတယ်။ နင်မျိုးဖို့ ဆိုဖို့ ငါမှာ မအိပ်ရသေးဘူးဟဲ့။ ပြီးရင် အိမ်နောက်မှာ ငါထဘီတွေ စိမ်ထားတယ် နင်သွားလျှော်ကြားလား သူတောင်းစား။ မပြီးရင် နင်ရိုက်ပြီသာမှတ်ပေတော့" ဒေါ်စိန်ရင် တစ်ဖြစ်လဲ မိထွေးတော်၏ စကားတို့ သည် နားအတွင်း သံရည်ပူများ လောင်းထည့် နေသလားလို့ ပင် ထင်ရလေတော့သည် ။ လူတစ်ယောက်သည် မည်မျှပင်မုန်းနေ စေကာမူ မုန်းနေသည် ကို မပေါ်လွင်အောင် အတတ်နိုင်ဆုံး ဖုံးကွယ် ထားသင့်ပါသည် ။ မုန်းခြင်းအား ထိုသို့ သရုပ်ဖော်ပါကာ လူတို့ သည် အတ္တရှိသော ပုဂ္ဂိုလ်များ ဖြစ်သောကြောင့် အချင်းချင်း ရန်မီးပွားလာရန်သာ ရှိပေတော့သည် ။

အိမ်တွင် ဒုက္ခိတ ဖြစ်နေသော ဖခင်ကြီး၏ ရောဂါအား မိမိ၏ မဖြစ်

စလောက် ဝင်ငွေလေးဖြင့် ကုသပေး နေသော်လည်း ဖခင် ရှာဖွေထားသော ပစ္စည်းဥစ္စာများကို မိထွေးမှ အပိုင်သိမ်း၍ ကြော့မော့အောင်နေလျက် မိမိအား ကျွန်သဖွယ် ပြောဆို ဆက်ဆံနေသော မိထွေး ဒေါ်စိန်ရင်အား မုန်းမိသည် မှာ လွန်အံ့တော့ မထင်ချေ။ လူဆိုသည် အကောင်း၌ ဖြစ်စေ အဆိုး၌ ဖြစ်စေ မည့်သည် နေရာတွင် မဆို အလွန်အကျူး မဖြစ်သင့်ပေ။ ထိုသိုဖြစ်လာလျှင် ပြုသူခံရသူအဖို့ ၌ များ စွာသော သောကတို့ သည် ဒေါသအသွင်သို့ ပြောင်းလဲ သွားလေတော့သည် ။

ထိုဒေါသကို ဖြေသိမ့်နိုင်အောင် ကြံဆောင်လျက် များ စွာသော ထင်းတုံးတို့ အပေါ်၌ သာ ဒေါသအား ပုဆိန်နှင့် နှစ်ပါးသွား ခိုင်းခဲ့လေသည် ။ မှန်ကန်သောနည်း မဟုတ်သေးလည်း ဒေါသကို တခြားဘက်သို့ ရွှေ့ပြောင်း ထားနိုင်ခြင်းကို က ချီးကျူးဖွယ် ဖြစ်နေပြီဖြစ်သည် ။

ထို့ကြောင့် အိမ်တွင် မနေလိုသော မိုးမြေ၏ စိတ်အသွင်တို့ သည် ထူးဆန်းစွာ တည်ငြိမ် လာလေတော့သည် ။ ယဉ်နေသော သိမ်မွေ့သော စိတ်တို့ သည် ကောင်းမှုပေါ်တွင် အခြေတည်သော် ပြဿနာ မဖြစ်နိုင်သော်လည်း မကောင်းမှုပေါ်တွင် အခြေတည်ပါက အရုပ်ဆိုး အကြည်းတန်သော သိမ်မွေ့မှုနှင့် ယဉ်ကျေးမှု ဖြစ်လာနိုင်ပေသည် ။

ရာသီဥတုကား ဆောင်းအကုန် နွေအကူးမို့ ညီအစ်ကို မသိတသိ အချိန်သည် အညာကျေးရွာလေးတွင် မူ ပို၍ ပို၍ သိသာထင်ရှား လာလေတော့သည် ။ ရာသီ၏ လှပမှုက သိင်္ဂါရရသအား သူအလိုလို ဖန်တီးနေသယောင်မူ အလွမ်းဓာတ်ခံ ရှိသူများ အဖို့ ပို၍ လွမ်းမော နေပေလိမ့်မည်။ သို့သော် လွမ်းရဆွေးရ သဘောကို နားမလည်သော သူများ နှင့် တရားရရှိ ပြီးသူများ သာ ထိုသဘောတရားကို ကျော်လွန်နိုင်မည် ဖြစ်သ

ည် ။

ထိုအချိန် မှောင်ရီပျိုးစ အချိန်တွင် ဆောင်းလေများ တသုန်သုန် တိုက်ခတ်နေပုံသည် အလှပန်းချီကား တစ်ချပ် ကဲ့သို့ပင် ဖြစ်နေလေတော့သည် ။ ထိုအချိန် မိုးမြေလည်း ဒေါ်ပုမ၏ အိမ်တွင် အိမ်သာကျင်း တူးပေး၍ ရလာသော ငွေများကိုကြည့်၍ "ဖေဖေအတွက် ဦးသောဘန ဆိုင်က ဆေးနည်းနည်း သွားဝယ်ဦးမှ " တစ်ယောက်တည်း တွေးကာ ဒေါ်ပုမ အိမ်ဆီမှ  ထိုဆေးဆိုင်သို့ သွက်လက်သော ခြေလှမ်းလေးများ ဖြင့် လှမ်းသွားလေ၏။ ဖခင်အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာ တို့ သည်များ စွာပုံရိပ်ထင်လေသည် ။ အိမ်သာကျင်း တူးရသော ငွေကို ဖခင်အတွက် ဆေးဝယ်၍ သွားမည်ဟူသော သားတစ်ယောက်၏ ဖခင်အပေါ်တာဝန်ကျေပွန်လိုမှုကို အထင်းသား မြင်တွေ့နိုင်သည် ။

သွားရင်း အပင်အို ညောင်ညိုပင် အောက်သို့ ဖြတ်သန်း သွားရလေ၏။ ထို့သို့ ဖြတ်သန်းသွားချိန် အင်မတန် အားနည်းလှသော အသံတစ်ခု မိုးမြေနား အတွင်းသို့ ဝင်ရောက် နေရာယူလေတော့သည် ။ မသက်ဆိုင်သော သဘောဟူ၍ မခံစားဘဲ စူးစမ်းတတ်သော အသိဉာဏ်ကို ပိုင်ဆိုင်ထားသော ထိုလူငယ်သည် ကြီးပွားရန်သာ ရှိလေတော့သည် ။

အပင်ကြီးသည် ယောကျ်ားကြီး ငါးဖက်စာလောက် ရှိသဖြင့် အပင်အား ပတ်ကြည့်ရန် မိုးမြေလည်း အားအနည်းငယ် ထုတ်ကာ အပင်ကြီးအား ပြေး၍ ပတ်ကြည့်လေ၏။

ထိုအသံကား "ဟေ့  ... ကလေးငါကိုကူညီပါကွာ" ဟု သော အဘိုးအို တစ်ယောက်၏ အသံ ဖြစ်သောကြောင့်ပင် ဖြစ်လေတော့သည် ။

ထိုသို့ ပတ်ရှာ၍ မတွေ့သောကြောင့် မိုးမြေစိတ်ထဲ အနည်းငယ်မျှပင် လန့်ထိတ် လာလေ၏။ သရဲတစ္ဆေ နာနာဘာဝ ဝိနာဘာဝ နာမ်လော

က သားများက စနောက် နေသလားဟု ထင်မှတ်မိသောကြောင့်ပင် ပြေးသွားရန် ပြင်နေလေ၏။

ထို့သို့ပြေးဟန် ပြင်နေသည် ကို ထိုအသံရှင်က မြင်နေရသည့်နှယ် " ဟေ့ ကလေး ငါကိုမမြင်ဘူးလား" ထပ်မံမေးမြန်းလိုက်၏ ။

ထို့ကြောင့် မိုးမြေလည်း ညောင်ညိုပင်အား ထပ်မံ၍ ပြေးပတ် မိပြန် လေ၏။ စိတ်မရှည်တော့သဖြင့် "ကျွန်တော်ကို မြင်ရလားဗျ အဘိုးကို တော့ ကျွန်တော်မမြင်ဘူးဗျာ "ဟု ပြောဆို မေးမြန်း လိုက်လေ၏။

ထိုအခါ အားမပါသော ရီ(ရယ်)သံသဲ့သဲ့ ဖြစ်ပေါ်လာကာ " မဆိုးဘူး ကြောက်လန့်စိတ်ကို ထိန်းချုပ်နိုင်တယ် တစ်နေ့ လူတော်လူမော်ဖြစ်ဦး မှာ " ဟူသော အသံကိုပီပြင်စွာ ကြားနေလေ၏။

"ဟုတ်ပါပြီဗျာ လူတော်တွေ လူမော်တွေက အရေးမကြီးဘူးဗျ အဘိုးအသံ ကြည့်ရတာ အင်မတန် အားနည်းနေပုံဘဲဗျာ။ အခု အဘိုး ကို ကူညီချင်ပေမဲ့ အိမ်က မိစ္ဆာမ မိထွေး ဒေါ်စိန်ရင်က ကန့်လန့်တိုက်မှာ သေချာတယ်ဗျ"ဟု မိုးမြေက ပြော လိုက်လေတော့၏ ။

"အင်း... စိတ်ထားလေးကတော့ အင်မတန် ဖြူစင်တာဘဲ၊ မဆိုးဘူး သူ့အိမ်ကို ငါရအောင် လိုက်သွားရမယ်" ဟု အဘိုးအို စိတ်ထဲ ရေရွတ် ကာ -

"ကောင်လေး မင်းလိုက်ဆို"

မန္တန်တစ်ပိုဒ်အား ရွတ်ပြလေ၏။

"မင်းအရှေ့ ညောင်ညိုပင်ကို ဒီမန္တန် နဲ့ လှမ်းပြီးသပ်ချစမ်းကွာ" စေ ခိုင်း လိုက်လေ၏။

မိုးမြေလည်း ထိုအဘိုးအိုက သင်ပေးသည့် အတိုင်းပင် ရွတ်ဆို သပ်ချလိုက်သည် ရှိသော် အပင်ကြီး၏ အမြစ်ပေါ်တွင် လဲလျောင်းနေသော သွေးအလိမ်းလိမ်းနှင့် အင်မတန်မှ ချောမွတ်ခန့်ညားကာ နှစ်လိုဖွယ်ကောင်းသော လူရွယ်တစ်ဦး အသွင်ပေါ်ပေါက်လာ၏။

"အာ"

အဘိုးကြီးလည်း မဟုတ်ပါလားဟ ဖေဖေလောက်ဘဲ ရှိဦးမှာ ဟု စိတ်ထဲ တွေးထင်ကာ ထိုလူထူး၏ ခေါင်းကို လက်ဖြင့်ပွေ့လျက် -

"ဦးကြီး ဘယ်က ဘယ်လို ဒဏ်ရာ အနာတရ ဖြစ်လာတာလဲဗျ ... " သနားကြင်နာစွာ မေးလေ၏။ မသိသော လူတစ်ဦးပင် ဖြစ်လင့်ကစား စကားပြော လိမ္မာမှုသည် သူတစ်ပါး မိမိအား ချစ်ခင်နိုင်လေပေတော့သည် ။

"ပညာရဲ့ ဆိုးမွေ ကောင်းမွေတွေပေ့ါကွာ ငါအသက်က ရာချီနေပြီကွ အခု အထက်လမ်း ပညာရှင် တစ်ယောက်နဲ့ ပညာပြိုင်ပြီး လာတာ သူလည်း အတော် အထိနာလိမ့်မယ် ငါပညာစဉ် တစ်ဝက်လောက်လည်း ဆုံးရှုံးကုန်ပြီကွ" ဟု စိတ်ညည်းညူသော အသံဖြင့် ပြန်ဖြေလေ၏။

ထိုသူသည် အောက်လမ်းဝိဇ္ဇာ တစ်ပါး ဖြစ်နေသည် ကိုတော့ ထိုအချိန်က မိုးမြေသည် မသိခဲ့ပါချေ။ မသိခဲ့သည် မှာ ငယ်သေးသည် ကငင်း ပညာစဉ်ဆိုသည် မှာ ဘာလဲဆိုတာ ၎င်း မသိသေးသောကြောင့်ပင် ဖြစ်လေသည် ။

"ကောင်းပါပြီဗျာ။ အခုက အိမ်ကို ခေါ်သွားချင်ပေမဲ့ မိထွေးက ဆူပူမှာ ဗျ။ စိတ်ညစ်ပါတယ် ဒဏ်ရာကြီးနဲ့ ဦးကြီးကိုလည်း တစ်ယောက်တည်း မထားခဲ့နိုင်ဘူးဗျာ၊ ဘယ်လို လုပ်ရမလဲ မသိတော့ဘူး" ဟု အသံက

တိုးဝင် စိတ်မကောင်းဟန်ဖြင့် ပြောသည် ကို

ထိုလူက "ကလေး မင်းကိုပြောမယ် နားထောင်ပါဦးကွ၊ ဒီလိုလုပ် မင်းအဖေ ရောဂါကို ကုသပေးမဲ့ ဆရာလို့ ပြောလေ နောက်ပြီး မင်းဆေးသွားဝယ်နေတဲ့ ဦးသောန ဆိုင်ကို အလည်လာတဲ့ အထက်မြန်မာပြည်က ဆေးဆရာလို့ ပြောပေ့ါကွ ကလေးရ"ဟု အကြံပေးလေ၏။

ထိုအခါ မိုးမြေက "ဟာ ဦးဦးရယ် သားခေါ်လာတဲ့ ဆေးဆရာက ဒဏ်ရာကြီးနဲ့ ဘယ်ဖြစ်မလဲဗျ " ဟု ပြောလိုက်သည် ။

ထိုဝေဒနာ ခံစားနေရသော ထိုလူကြီးက "ဟာ ခဏ ခဏပါကွာ" ပြောပြီးပြီးချင်း မိုးမြေ၏ လက်ပေါ်တွင် ပျောက်ကွယ် သွားလေတော့သည် ။

မိုးမြေလည်း တုန်လှုပ်သွားကာ အရှေ့အနောက် ဘေးဘီဝဲယာ ရှာကြည့်သော်လည်း မတွေ့ချေ။ ထို့နောက် ထိုအချိန် အင်မတန် နူးညံ့သော လက်ဖဝါး တစ်ဖက်က မိုးမြေ၏ ပခုံးပေါ် လာရောက်ပြီးလျှင်

ဟေ့ ကလေးငယ်လေး ဘာတွေ ရှာနေတာလဲ ဟူသော အသံကိုကြားကာ ဘေးသို့ ယိမ်းကာ ကြည့်လိုက်၏။

"အာ... ဦးဦး ဟုတ်ပါတယ်နော်" ... ဟု မိုးမြေ၏ အလောတကြီး မေးသံကို ထိုသူမှ "အေးပေ့ါကွ ကလေးရ မင်းဦးလေး ပါပဲ" ဟု ပင် ရည်မွန်စွာ ပြောလေတော့သည် ။

" အာ ... ခုဏက ဒဏ်ရာတွေနဲ့ ပါ အခုက ကောင်းသွားပြီ ဟုတ်လား မြန်လိုက်တာဗျာ" ပြောလိုက်သည် ကို ထိုလူမှ ပြုံးရုံပင် ပြုံးပြလေတော့သည် ။

အမှန်က ထိုလူကြီး၏ ဝေဒနာသည် ပျောက်ကင်း သွားသည် မဟု

တ်ပေ လူကောင်းပုံ ဟန်ပြင်လေသောကြောင့် ပညာ ၃ပုံ ၂ပုံ ဆုံးရှုံးသွားသည် ကို မပြောချင်၍ ပြုံးပြခြင်း ဖြစ်သည် ကို ထိုအချိန်က မိုးမြေ တစ်ယောက် မသိခဲ့ချေ။

" အေး ... ကောင်းသွားပြီ မင်းအိမ်ကို သွားကြမယ်လေကွာ"

ထိုလူကြီး၏ လောဆော်သံကြောင့်

"ဟုတ်ကဲ့ သွားကြရအောင်"

ဟု ပြောကာ အိမ်သို့လာရာလမ်းသို့ ပြန်လာခဲ့လေတော့သည် ။

အိမ်သို့ရောက်သော် ဒေါ်စိန်ရင်၏ စိတ်မချမ်းမြေ့ဖွယ်ရာ အသံဆိုးက

" ဟဲ့ ... ကာလနာ သေချင်းဆိုး နင်ဘာတွေ သဝေထိုး နေတာလဲ ငါမှာ နင်အဖေ သေခါနီးကို ပြုစုရတာနဲ့ ဖတ်ဖတ်မောနေပြီ နင်ကြပ်ကြပ်သတိထားနေ မသာကောင် အသုဘရဲ့ " စ၍ ပြဿနာ ရှာလေတော့သည် ။

ထိုသို့ ပြောဆို နေသည် ကို မိုးမြေက စိတ်မချမ်းမြေ့စွာ ပါလာသော ထိုလူကြီး ကြည့်မိသော် ထိုလူကြီးသည် ပြုံးရုံပြုံးနေလေ၏။ ထိုသူအတွက် ထိုစကား အယုတ်အနတ္တတို့ သည် မည်သို့မျှ ခံစားရသည် မထင်ချေ။ ပုံမှန်အတိုင်းပင် ဖြစ်နေလေ၏။

ထို့သို ရုန့်ရင်းကြမ်းတမ်းသော စကားတို့ သည် ထိုလူကြီး(ဝါ) အောက်လမ်း ဝိဇ္ဇာ၏ အပေါ်တွင် မည်မျှ သက်ရောက်မှု မရှိချေ ။ အကြောင်းမှာ ထိုရုန့်ရင်းကြမ်းတမ်းသော စကားထက် ပိုသော အမူအကျင့်ပင် ၎င်း၏ အဖော်ဖြစ်နေသောကြောင့် ဖြစ်သည် ကိုတော့ ထိုအချိန်က မိုးမြေရော ဒေါ်စိန်ရင်ရော သတိမမူမိခဲ့ပါချေ။

ထိုသို့ ပြောဖန်များ လာသည် တွင် ထိုလူကြီးက -

"ဟော့ ... ကလေး အဲ့မိန်းမ တော်တော် စကားများ တယ်ကွာ လိုက်ဆို" ဟု ပြောပြီးလျှင်

"ထိုမိန်းမကို စကားမပြောနိုင်စေ" ပြောလိုက်သည် တွင် မိုးမြေ လည်း ထိုစကားအတိုင်း တစ်တဝေမသိမ်း ပြော လိုက်လေတော့၏။

ထိုသို့ ပြောလိုက်သည် နှင့် မစိန်ရင်၏ အသံသည် စိုးစဉ်မျှ ထွက်ပေါ်လာခြင်း မရှိပေ။ ပါးစပ်ကတော့ လှုပ်နေလေ၏။

အသံကား လုံးဝကို ထွက်ပေါ်လာခြင်း မရှိတော့ချေ၏။

မိုးမြေလည်း အင်မတန် အံ့သြကာ နေလေတော၏။ မိုးမြေအား ထို အဘိုးကြီးမှ

" အေး ကလေးငယ် ငါ့နာမည်ကို လူမှန်ဘစံလို့ ခေါ်တယ်ကွဲ့ နောက်ပြီး မင်းအဖေကိုငါက ဆေးကုပေးမယ်။ ပြီး တစ်သက်စားမကုန်တဲ့ ရွှေငွေပစ္စည်းဥစ္စာတွေကို ပေးခဲ့မယ် မင်းဆီက ငါတစ်ခုပဲ ပြန်တောင်းမှာ မင်းငါနဲ့ လိုက်ခဲ့ရမယ်"

မိုးမြေသည် အိမ်၌ပင် မနေချင်သောကြောင့် ခပ်သွက်သွက်ပင် - "ဟုတ်ကဲ့ သွားမယ်လိုက်မယ်" ချက်ချင်းပင် တုံ့ပြန်ပြောဆိုလေ၏။

ထိုလူဝါ (ဝါ) ဘစံလည်း ပြုံးလျက် "မင်းအဖေဆီကို ငါကိုခေါ်သွား" ပြောပြီးလျှင် မိုးမြေက ဒေါ်စိန်ရင်အား ကြည့်လျက် "ဒေါ်လေးစိန် အခု ဆရာကြီးကို ဖေဖေရှိတဲ့ အခန်းကို ခေါ်သွားပေးနော်" ပြောပြီး အိမ်တွင်းသို့ ဝင်ရောက် သွားလေတော့၏။

ဒေါ်စိန်ရင်လည်း စကားပင် မပြောနိုင်သော် ငြားလည်း သူတို့ ပြောသော စကားအားလုံးကို ကြားနေရလေ၏။ ထို့ကြောင့် လက်ဟန်ခြေဟ

န်ဖြင့် မိုးမြေ၏ အဖေရာရှိရာသို့ လမ်းပြ၍ သွားလေတော့သည် ။

ရောက်လျှင်ပင် ပထမဦးစွာ လူနာဖြစ်နေသော မိုးမြေ ဖခင် ဦးစိန်၏ ကိုယ်ကို ကြည့်၍ သက်ပြင်းရှည်ကြီး ချလိုက်မိတော့လေသည် ။ ထိုလူကြီးဦးစိန်၏ ဝေဒနာကို ကုသပေးလျှင်ပင် ပညာစဉ် အချို့တစ်ဝက်သာ ကျန်ခဲ့ပြီး ဦးစိန်က နေကောင်း ကျန်းမာနိုင်ပေမဲ့ ဦးဘစံတွင်ကား အခြေနေကောင်း မမြင်မိချေ၏။

ထို့ကြောင့် ဦးဘစံစိတ်ထဲ ဘဝနာလှသော မိုးမြေကို သူကဲ့သို့ အောက်လမ်းပညာ အထွတ်အထိပ်သို့ ရောက်အောင် ကူညီစောင်မ ချင်သော်လည်း ထိုကိစ္စသည် ထင်သလောက် မလွယ်ကူသောကြောင့် သက်ပြင်းရှည်ကြီး ချမိခြင်း ဖြစ်သည် ။

တစ်နည်း ဆိုသော် မိုးမြေအား ခေါ်သွားနိုင်ရေး အတွက် ၎င်းပညာအကုန် စွန့်ရပေသော်ငြား စိတ်ထဲ အနည်းငယ် ဘဝင်မကျမိ ဖြစ်မိမှာ မဟုတ်ချေ။ မိုးမြေအား သင်ကြားပေးနိုင်မည့် နည်းလမ်းများကို မတတ်ဘဲ သူသေသွားမည်ကို စိုးရိမ်သောကြောင့်ပင် ဖြစ် သည် ။

ထို့ကြောင့် နောက်တစ်နည်းကို ဦးဘစံ စဉ်းစားမိလေတော့၏။ ပြုံးတောင့်ပြုံးခဲ ပြုံးကာ အားပါတရပင် ရယ်မော လိုက်လေတော့သည် ။

"ဟားဟား ... ဟားဟား ရပြီ ဟေ့။ ဟေ့ စိန်ရင် နင်လင်ကို မနက်မှ ကုမယ် ကြားလားဟဲ့ စိန်ရင်မ" ခက်ထန်စွာ ပြောပြီး လူနာအား တစ်ချက်ကြည့်၍ လူနာအခန်းမှ ထွက်ခွာ လာလေတော့၏။

ထိုခဏ မိုးမြေလည်း အခန်းတွင်းရောက်လာကာ " ဦးဦးရေ ကျွန်တော် အခန်းပြင်ပေး ထားပါတယ်ဗျ အနားယူနော် ထမင်းစားချိန် လာခေါ်လိုက်မယ်ဗျ" နှုတ်၏ ယဉ်ကျေးခြင်းနှင့် ပြည့်စုံလျက် ဖော်ရွေစွာပင် ပြောလိုက်တော့သည် ။

ထိုအခါ ဦးဘစံလည်း ပြုံးလျက် "အလိုက်သိတဲ့ ကလေး။ လာခဲ့ မင်း ပြင်ပေးထားတဲ့ အခန်းကို" ပြောပြီး ပခုံးအား ဖက်ကာခေါ်သွားလေ၏။

အခန်းတွင်း ရောက်လျှင် -

"မိုးမြေ ငါက မိုးအောက်မြေပြင် ပြိုင်စံမဲ့ အောက်လမ်းဝိဇ္ဇာကွ အထက်လမ်းပညာ တတ်ယောင်ကားတွေကို ရှင်းပစ်ခဲ့တာ မနည်းဘူး။ ဒါပေမဲ့ ငါက သေရတော့မယ်၊ မသေခင်ပညာ အမွေပေးရအောင် ရှာတဲ့ အခါ မင်းရဲ့ ဖြူစင်တဲ့ နှလုံးသားကို အသိအမှတ်ပြုလို့ အခု ငါအနေနဲ့ ပညာရပ်ကျင့်စဉ်တွေ မင်းအတွက် မအိပ်မနေ ကြိုးစား ရေးပေးခဲ့မယ်။ မင်းအနေနဲ့ ကျွမ်းကျင်အောင်သာ ကျင့်ယူပေတော့ မိုးမြေ။ နောက်ပြီး မင်းကတော့ ထင်မှာ ပေါ့ အောက်လမ်းဝိဇ္ဇာ ဆိုပြီး ကိုယ်အသက်ကို မကယ်နိုင်ဘူးလားလို့ ၊ မထင်နဲ့ မောင်ရေ ကယ်နိုင်တာမှ ဟိုဘက်တောင် လွန်နေသေးတယ်ကွ။ ကဲ - မင်းသွားချေတော့ ငါအတွက် ကညစ်နဲ့ ပေရွက် သွားယူခဲ့ပေးတော့" ဟု ပြောပြီး နှင်လေတော့သည် ။

မိုးမြေလည်း သူပြောသော ပစ္စည်းပစ္စယတို့ အား ယူပေးပြီးလျှင် အိပ်ရာသို့ ဝင်လေတော့သည် ။ ထိုသို့သော ညအချိန် တစ်ခုလုံးကို ကျော်ဖြတ်လျက် မနက်မိုးအလင်း ရောက်သော် ထိုဦးဘစံမှ

" မိုးမြေ ... မိုးမြေ ... "ဟု သော ခေါ်သံကိုကြားလေ၏။

ထိုအချိန်၌ပင် မိုးမြေလည်း အိပ်ရာထ၍ ကိုယ်ကာယ သန့်ရှင်းကာ ဦးဘစံ၏ ခေါ်သံကြောင့်

" ဗျာ ဦးလေး " မိုးမြေ၏ ထူးသံသည် ပေါ်ထွက် လာလေတော့သည်
။

" အေး မင်းအဖေဆီ ငါကိုခေါ်သွား"

ပြောပြီးလျှင် မိန်းမောနေသော ဦးစိန်အား လက်ညှိုးနှင့် ထိုးပြီး "ထ၍ ထိုင်စမ်း" ဟု နှုတ်မိန့်ပေးလိုက်၏။ မေ့မြောနေသော ဦးစိန်လည်း ဆတ်ခနဲ ထ၍ ထိုင်လေ၏။ ထိုအခါ ခေါင်းရင်းဘက်ရှိ ရေအိုးထဲမှ ရေအား ရေခွက်ဖြင့် ခပ်ခိုင်းပြီး ပညာစဉ် အချို့အဝက်ထည့်ကာ သောက်ခိုင်း လေတော့သည် ။ လူမမာသည် ချက်ချင်းပင် ထ၍ ဦးဘစံအား ရှိခိုးကန်တော့လေ၏။

ထိုသည် ကို ဦးဘစံက အလေးမထားဘဲ ညာလက်ကို လေထဲတွင် သုံးခါ ရစ်လိုက်၏ ချက်ချင်းပင် ဦးဘစံလက်ထဲ ရွှေငွေ ကျောက်သံပတ္တမြားတို့ သည် အလုံးအရင်း လိုက်ပါလာ၏။ ထိုသို့ ကုသပေးချိန်တွင် ဒေါ်စိန်ရင်လည်း အနားသို့ လာရောက် ကြည့်ရှုလျက်ရှိရာ ထိုဥစ္စာပစ္စည်းတို့ ကို မြင်နေလေ၏။ လောဘဇောသည် ချက်ချင်း တက်လာလေ၏။

ထိုသည် ကို ဦးဘစံက ပေးရင်း "ဟဲ့ ... ကောင်မစိန်ရင် နင်သတိထားနော် အခုပေးခဲ့တာက နင် ဖြုန်းဖို့ မဟုတ်ဘူး နားလည်ထား ကောင်မရဲ့ ။ အခုက မိုးမြေ့ အဖေတွက် နင်က နင့်လင်ပိုင်ဆိုတော့ သူကြည်ဖြူသလောက်တော့ နင်ရမှာ ပါ၊ မတော်မတရား ကြံစည်ရင် နင်တော့ ဒုက္ခလှလှတွေပြီမှတ် ကောင်မ "ဟု ကြိမ်းမောင်းကာ ပြောလေ၏။

ပြီးနောက် "ငစိန် ... မင့်သားကို ငါခေါ်သွားမယ် အချိန်တန်ရင် မင့်သား အနေနဲ့ ပြန်လာမှာ ပါ လိုက်မရှာနဲ့ ကြားလား။ ပေးခဲ့တဲ့ ပစ္စည်းတွေက မင်း၁၀သက် စားမကုန်ဘူး ကြားလား ဟေ့ကောင်ငစိန်" ဦးစိန်အား မောက်မာစွာ ပြောလျက် မိုးမြေ၏ လက်ကိုဆွဲကာ အိမ်ပြင်သို့ထွ

က်လေ၏။

"မိုးမြေ မင်းအနေနဲ့ ငါ့ကို ကတိတခုပေးပါ ... ငါပေးတဲ့ ကျင့်စဉ် အားလုံး ကျင့်ပါမယ်လို့ ... ကြားလား ကလေး" ဟု မိုးမြေကိုတော့ ညင်သာစွာ ပြောလိုက်၏။

လူယဉ်ကျေး မိုးမြေလည်း မဆိုင်းမတွပင် "ဟုတ်ကဲ့ပါဖျာ ကျင့်ပါ့မယ်" ပြော လိုက်လေတော့သည် ။ ထို့သို့ သွားရင်းပင် ပညာရပ်များကို အကုန်အစင် ရေးသားထားသော ပုရပိုက်ထဲမှ ကျင့်စဉ်တွေကို မိုးမြေ မေးမြန်းလိုက် ... ဦးဘစံက ဖြေလိုက် ... သွားလိုက်နှင့် သွားလေရာ ဇင်းကျိုက်တောင်၏ တောင်ပခုံးသို့ရောက်လျှင် ဦးဘစံက

"ကောင်လေး မင်းငါပေးတဲ့ ပညာတွေကို အခု လေ့ကျင့်စမ်း အားကို ဖျစ်ညှစ်ပြီး မရရအောင်လုပ် မင်းအောင်မြင်ခဲ့ရင် ဟိုမြင်နေရတဲ့ ဇင်းကျိုက်တောင်ရဲ့ အတွင်းဗဟိုထဲကို ဝင်ခဲ့။ ပညာရည် ပြည့်ဝမဝဆိုတာ စမ်းသပ်မှာ ဖြစ်လို့ ပညာမပြည့်ဝရင် အသက်ပေးရလိမ့်မယ် ဆိုတာယုံထား" ဟု နှုတ်မှ အလောတကြီး သတိပေး ဆုံးမကာ နောက်ကျန်စွမ်းအား အကုန်ဖြင့် ထိုနေရာမှ လှမ်း၍ ခုန်ကာ ပျံသွားလေတော့၏။

မိုးနွယ်လည်း သေချာကြည့်နေရင်းပင် ပျံသန်း သွားလာနိုင်သော ထိုလူကြီးအား စိတ်ထဲတွင် အားကျလျက်ရှိနေချေ၏။ စိတ်ထဲ၌ လည်း "ငါ သူထက်သာရမယ်"ဟု ကြုံးဝါး လိုက်လေ၏။

ထိုနောက် ငယ်စဉ်ကပင် အခုချိန်ထိ ပင်ပန်းကြီးစွာ အသက်မွေးဝမ်းကျောင်း ပြုခဲ့ရသော မိုးမြေသည် တောထဲတွင် အသက်မွေးရမည် ဆိုသည် မှာ မည်သို့မျှ ခက်ခဲခြင်း ရှိပါအံ့နည်း။

ထို့ကြောင့် ပြောထားသော ကျင့်စဉ်ပထမပိုင်းတွင် ရေးသားထားသော စာလုံးများကို အသံထွက်ကာ ဖတ် လိုက်လေ၏။

"ရက္ခမူစွမ်းအား" ထိုကျင့်စဉ်အား စတင်၍ လေ့ကျင့်ရန်အတွက် အင်မတန် ကြီးမားလှသော သစ်ပင်ကြီး တစ်ပင်အား ရှာဖွေလေတော့၏။

အင်မတန်မှ ကြီးမားလှသော သစ်ပင်ကြီးအား မိုးမြေ မြင်တွေ့လေတော့သည် ။ ထိုသစ်ပင်သည် လွန်စွာရှားသော ကျွန်းနက်ပင်မှန်း မသိခဲ့ပါချေ။ ရောက်သော် ထိုသစ်ပင်၏ ပင်စည်နေရာတွင် ထိုင်လျက် ကျင့်စဉ်ပါ အကြောင်းအရာများ အတိုင်း ကျင့်ကြံနေလေတော့သည် ။ ညနေမိုးချုပ်တွင် မိုးမြေ၏ မျက်လုံးများ သည် ပွင့် လာလေ၏။

"ကျင့်စဉ်ရဲ့ သုံးပုံတစ်ပုံ ရှိသေးတယ်ဗျ၊ ညမိုးချုပ်ပြီ ဒုက္ခပဲ ညစာလည်း မစားတော့ဘူးကွာ ထပ်ကျင့်မယ်ကွာ"

တစ်ကိုယ်တည်း ပြောပြီး မိုးမြေလည်း မျက်လုံးအား စုံလိုက်မှိတ်ချလိုက်လေတော့သည် ။ ထို့နောက်တွင် ထိုသစ်ပင်ကြီးဆီမှ စွမ်းအားများ စုပ်ယူသည့် အပိုင်းသို့ ရောက် လာလေ၏။ ထိုသစ်ပင်မှ စွမ်းအားများ မကုန်မချင်း ထပ်မံ၍ စုပ်ယူရန်သာ ဇွဲကြီးနေပေတော့သည် ။

နံနက်မိုးသောက်သော် ထိုင်ရာမှ ထလျက် စားဖို့ ရန် ရှာလေ၏။ စာထဲတွင် သွေးများ သာ သောက်ရန် ညွှန်ကြားထားလေရာ သူ့အတွက် သွေးရှာဖို့ ရန် အလွန် ခက်ခဲလေသည် ။ အဘယ့်ကြောင့် ဆိုသော် ၎င်းတွင် အပ်တို တစ်ချောင်းမှ ပင် မပါလေရာ မည်သို့ သွေးရအောင် ကြံဆောင်ရမည်ကို မတွေးတတ်အောင် ရှိချေသည် ။

သို့သော် မိုးမြေက "ယောကျ်ားတို့ ဇွဲ သေခါမှ လျှော့မယ် မရှိရင် သွားရှိတယ် အကောင်ရှာပြီး သွားနဲ့ ကိုက်ဖောက်ပြီး သွေးသောက်မယ်" ကြံစည်ပြီးလျှင် အကောင်ရှာရန် အတွက် တောထဲသို့ဝင်လေ၏။

ပထမဦးစွာ တောထဲ ရောက်လျှင် သူတွေ့သည် က အင်မတန်လှပ၍

မျက်ဝန်းများ သနားစဖွယ်ဖြစ်နေသော သမင်တစ်ကောင်ပင် ဖြစ်ချေ၏ ။ မိုးမြေလည်း ထိုသမင်အနီးသို့ ရောက်အောင် တိုးကပ်သွား၏။ သို့သော် ထိုသမင်က မပြေးချေ။ မိုးမြေ အနားသို့ပင် တိုးကပ် လာလေ၏။ ထိုအခြင်းအရာကြောင့် မိုးမြေလည်း ကြောင်၍ ပင် သွားလေ၏။ အဓိပ္ပာယ်ကား သူကျင့်ထားသော ရက္ခမူ စွမ်းအားကြောင့် အကောင်ငယ်တို့သည် သူ၏ အလိုအတိုင်း အနားသို့ ကပ်လာသည် ကို မသိရှာသော မိုးမြေက

"ဟာ ဘယ်လိုလည်း မသိဘူးကွာ သမင်က ငါအနားကို ကပ်လာပေါ့လား မျက်နှာကလည်း ချစ်ဖို့ ကောင်းပေမဲ့ အိုစာနေတယ် ဘာလို့ ပါလိမ့်" ဟု ပင် ညည်းတွားမိ လေတော့သည် ။ အမှန်မှာ ကျင့်စဉ်၏ စွမ်းအားကြောင့် အဆင့်နိမ့် သတ္တဝါများ သည် ထိုနေရာသို့ အလိုအလျှောက်လာပြီး သွေးအသောက်ခံခြင်း ဖြစ်ကြောင်းကို သူမသိပေ။

အနားသို့ ရောက်သော် ထိုသမင်တွင် ပဋိသန္ဓေ ခလျက်နေသော ကိုယ်ဝန်သည် ဖြစ်နေကြောင်း တွေ့ရသောအခါ ချက်ချင်းပင် "သနားစရာလေးကွာ ငါက အမိမရှိ ရှင်သန် ကြီးထွားခဲ့ရပြီး မိထွေးနဲ့ နေခဲ့ရတာ အခု အမိတကွဲ သားတကွဲ မဖြစ်အောင်တော့ သေချာလေး ငါဂရုစိုက် ပေးလိုက်တော့မယ် " တွေးတောပြီး သမင်လေး၏ ခေါင်းကိုကိုင်ကာ "သမီးလေး မင်းက ကိုယ်ဝန်ကြီးနဲ့ ကွ ငါက သွေးသောက်ဖို့ လိုက်ရှာနေတာတွေ့တော့ မင်းဖြစ်နေတယ် နောက်ပြီး မင်းက သန္ဓေနဲ့ မင်းကိုမသတ်ဖို့ အကူအညီ တောင်းနေတာမလား။ အေး ငါကူညီပေးမယ်ဟေ့"ဟု ပြောပြီး သမင်ကို

"သမင်လေး လှဲအိပ်ပေတော့။ သြော် ... မင်းက မွေးတော့မှာ ဘဲ" ဟု ပြောပြီးလျှင် သမင်၏ မိန်းမကိုယ်ကို ကြည့်လျက် ပြောလိုက်တော့

သည် ။

" အေးအေး ငါပဲ မွေးပေးတော့မယ်ကွာ" ပြောပြီးလျှင် ထိုသမင်၏ ဗိုက်ကို လက်တင်ပြီးလျှင် "ညစ်ညစ်"ဟု ပြောလေလေတော့၏။ သမင်လည်း ထိုစကားကြောင့် အားတင်းကာ ညှစ်နေလေ၏။ မိုးမြေလည်း အမတို့ ၏ သဘာဝကို နားမလည်သဖြင့် ခေါင်းပြူလာချိန်တွင် လက်ဖြင့် ခေါင်းကို ညင်သာစွာ ကိုင်လျက် ဆွဲထုတ်လေတော့သည် ။

သမင်လည်း ဗတ်လဗိုင်လိုက်ကာ မိုးမြေ၏ လက်ထဲတွင် ပါ လာလေ၏။ ထိုသမင်ငယ်ကို ကြည့်သော် အထီးလေးမှန်း သိသောကြောင့် မိုးမြေ က "ငါနဲ့ နာမည်တူ ဆိုးပေလို့ အမည်မှ ည့် တယ်ကွာ"

ထိုသမင်မကြောင့် သွေးသောက်ရန် မေ့လျှော့နေ၏။ နေ့လယ် ၁၁ နာရီခန့်ရှိသော် သတိပြန်လည် လာ၏။

"ဟိုက် သွားတာပဲ သွေးသောက်ဖို့ အတွက် သွေးရှာတာ မေ့နေတယ်ကွာ၊ ဗိုက်လည်း မဆာပ့ါလားဟ"

ဆိုးပေလေးအားပွေ့လျက် -

"ဟေ့ မင်းသွေးဘဲ သောက်တော့မယ်" မိုးမြေသည် မျက်နှာမဲ့ကာ ပြောလိုက်၏။ ထိုအခါ သမင်မသည် အားကုန် ရုန်းထလျက် မိုးမြေထံသို့ ရောက်ပြီးလျှင် သူသွေးသောက်ရန် လှဲကာ ပေးလေတော့၏။

မိုးမြေက ထိုအဖြစ်အပျက်လေးကို ကြည့်ကာ ဟားတိုက်၍ ရယ်မောလိုက်လေ၏။

"ဟားဟား ... ဟားဟား ... ဟားဟား ... ငါကို အထင်သေး လွန်းတာဘဲ ရွှေမိရဲ့ မင်းကခုမှ မီးဖွားထားတာလေ မင်းရဲ့ သွေးကို သောက်စရာလားကွ။ မသောက်ရလို့ သေရင် သေပလေ့စေ မသောက်ဘူး။ အခု

က ဆိုးပေကို ငါမွေးပေးထားတာလေ။ ငါက သောက်စရာလား အခုနေ့ကစပြီး ယဉ်သော မည်သည့် သတ္တဝါ၏ အသွေးအသားကိုမှ ငါမမှီဝဲဘူး ။ ဆိုးသွမ်းတဲ့ သတ္တဝါ၏ အသွေးအသားကိုသာ မှီဝဲမယ်ကွ" သမင်လေး ဆိုးပေ၏ မိခင်ကို ပြောကြားလိုက်လျှင် အပင် အားလုံးသည် ကောင်းချီး ပေးသကဲ့သို့ သောသောညံအောင် လှုပ်ယမ်းလေတော့သည် ။

ထိုနောက် ဆိုးပေအား ပွေ့ကာ မိခင်သမင်မအား လိုအပ်သော အသက်ဓာတ်အတွက် ရုက္ခမူစွမ်းအား အနည်းငယ်မျှ ပေးလိုက်သည် ။

ထိုသမင်မလည်း သွားနိုင်လာနိုင် လာသည် ကို မြင်သော် မိုးမြေက ဆိုးပေအား ပွေ့ကာ မိခင်သမင်မအား လမ်းပြလျက် သူကျင့်စဉ်ကျင့်ရာ အရပ်ဖြစ်သော ကျွန်းနက် အပင်နားသို့ ရောက်အောင် သွားလေတော့၏။ အမှန်မှာ မည့်သည် သစ်ပင်မဆို ကျင့်စဉ် ကျင့်နိုင်သော်လည်း ကျွန်းနက်သစ်ပင်၏ စွမ်းအားသည် အမြင့်ဆုံး ဖြစ်သည် ကိုတော့ မိုးမြေရော ကျင့်စဉ်ပေးခဲ့သော ဦးဘစံရော နှစ်ဦးလုံးမသိချေ။ လူမိုက် ကံကောင်းသွားခြင်းဖြစ်ပေသည် ။

ရောက်သော် ထိုသားအမိအား ထား၍ သွေးသောက်ရန် ထွက်၍ ရှာပြန်လေ၏။ ထိုအခါ နုပျို၍ အားမာန် ပြည့်ဝသော ကျားငယ် တစ်ကောင်သည် ရေသောက်ဆင်းနေသည် ကို ချောင်း၏ ဟိုဘက်မှ မြင်တွေ့နေလေ၏။ ထိုကျား၏ သွေးအား သောက်ချင်သော ချင်ခြင်းလည်း တက် လာလေ၏။

ထို့ကြောင့် ထိုကျားအား လှမ်း၍ "ဟေ့ ကျား မင်းငါ့ဆီလာစမ်း"ဟု လှမ်းကာ အသံပေးလေ၏။ ထိုအခါ ကျားလည်း ဝမ်းသာအားရသော မျက်နှာထားဖြင့် မိုးမြေ၏ အော်သံကြောင့် အလျင်အမြန် ပြေး လာလေတော့သည် ။

ကျားနှင့် မိုးမြေ ဆုံရာတွင် မည့်သည် လက်နက်မှ မပါသော မိုးမြေကို ကြည့်လျက် ပျော်သွားကာ ဟိန်းဟောက် လေတော့သည် ။

"ဝေါင်း ... ဝေါင်း ... ဝေါင်း ... " ထိုဟိန်းသံကိုမိုးမြေက

" သေမယ့် ကောင်က ဟိန်းတောင် ဟိန်းလိုက်သေးတယ် " ပြောပြီးလျှင် ကျားလည်း လှမ်း၍ အခုန် မိုးမြေလည်း လှမ်း၍ အခုန် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်လေတော့သည် ။

ကျားသည် ပုံမှန်အားဖြင့် သိုင်းလေးကွက် တတ်လေသည် ။ ထို့ကြောင့် တကယ် သိုင်းထိပ်သီးများ သည် အဆင့်မြင့် ခြေလှမ်းဖြင့် လှမ်း၍ ကျား၏ ခါးရိုးအား ရိုက်ကာ အသေသတ်လေ့ ရှိသည် ။ သို့သော် မိုးမြေက ကျားလေးကွက် တတ်သည် မတတ်သည် ကို မသိသည့်အပြင် ကိုယ်တိုင်လည်း မည့်သည် အသတ်အပုတ် ပညာမှ မတတ်ကျွမ်းတော့ကြောင့် ဗျာများ နေလေ၏။ အမှန်တွင် ရက္ခမူစွမ်းအား အခြေခံနှင့်ပင် ထိုကျားအား သေအောင် သတ်နိုင်သော်လည်း နားလည် တတ်ကျွမ်းမှု အားနည်းသေးသောကြောင့် ထိုအချက်ကို မသိခဲ့ချေ ။

ထို့ကြောင့် တိုက်ခိုက်ရင်း မိုးမြေလည်း လက်မောင်းတွင် ၎င်း ခြေထောက်၏ အမှီအတည် ပေါင်တွင် ၎င်း ဒဏ်ရာရလျက် ရှိချေ၏။ မောပန်းခြင်း အလျှင်းမရှိချေ၏။ ထပ်၍ ပင် ယှဉ်ပြိုင်လေရာ ကျားလည်း သက်လုံကျ လာလေတော့သည် ။ ထိုအခါ မိုးမြေက ကျားအား ကုပ်ခွစီးကာ လည်ပင်းအား ကိုက်လေတော့၏။

ကျား၏ လည်ပင်းသွေးတို့ သည် အဆက်မပြတ် စီးကျ လာလေ၏။ မိုးမြေလည်း သရဲသဘက် စီး နေသကဲ့သို့ ပင် ထိုသွေးတို့ အား အငမ်းမရပင် သောက်သုံး လေတော့သည် ။

ထို့သို အလေ့အကျင့် အပြုအမူ အနေအထိုင်များကြောင့် မိုးမြေသည် ဆံပင်သည် လည်း ရှည်လျား လာလေ၏။ ထိုနေရာတွင် ပင် လေ့ကျင့်နေသည် မှာ တစ်နှစ်ခြောက်လ ရှိပြီဖြစ်၍ ဆိုးပေဟု ခေါ်သော သမင်လေးလည်း ကြီးထွား လာလေ၏။ သံယောဇဉ် အမျှင်တန်းကို မသိခဲ့ချေ ။

တနေ့တနေ့ ရက္ခမူစွမ်းအား စုပ်ယူမှုကြောင့် အပင်ကြီးလည်း ညှိုးကာ လာလေ၏။ သို့သော် စုပ်ယူမှုတော့ မပျက်ခဲ့ချေ၏။ ပညာ၏ သဘော သဘာဝတို့ ကို နားလည်ကာ အမျိုးမျိုးသော စွမ်းအားများ ရရှိအောင် အထူးကြိုးစား ဆောင်ရွက်ခဲ့သည် ။

တစ်နေ့တွင် မိုးမြေကား ကျွန်းနက် အပင်နားသို့ အင်မတန်မှ ဆိုးသွမ်းလှသော သိုက်သမားများ ရောက်လာ၏။

ပြီးလျှင် ထိုသိုက်ဆရာများ ထဲမှ အချုပ်ဖြစ်ဟန် တူသော အသားမည်းမည်းနှင့် လွန်စွာ အရုပ်ပုသော လူကြီး၏ စကားသံကား တောတွင်းသို့ ဟိန်းထွက် လာလေ၏။

" ပိယ၊ ခနဲ၊ လာဘ ဟိုကောင်သုံးကောင် အခု ငါဆီလာခဲ့ဦးဟေ့ မင်းတို့ ကလည်း နောက်မှာ ချည်းပဲ၊ အသက်ကြီးတဲ့ အဘိုးကြီးက နောက်မှာ နေရတယ်ကို မရှိဘူး လာတော့ ဗျယောက်။ ငါကလွဲပြီး တစ်ကောင်မှ စောက်သုံးမကျဘူး၊ အနားက ကောင်ကလည်း ငါတွဲပါဆိုနေမှ သူပြန်တွဲနေရတယ်။ တယ် ... ငါလုပ်ရင်တော့ ဟင်း ... ဟင်း ... ဟင်း" ကြိမ်းမောင်းလေ၏။

ထိုအခိုက် မိုးမြေလည်း ရက္ခပညာ၏ အထွတ်အထိပ်သို့ ရောက်လုနီးနီး အပင်ကြီးလည်း ကြည့်နေရင်းပင် ညှိုးရော်ကာ အရွက်ပြိုင်းပြိုင်း ကျကာ နေလေတော့သည် ။ ထိုမြင်ကွင်းကို အသားမည်း ဆရာက "

ဟော့ကြည့်စမ်း အပင်က ညှိုးကျသွားတာ အရွက်တွေတောင် ကြွေနေပြီ ဟော့ ငါတို့ အလုပ်ကို သစ်ပင်စောင်နတ်က ခွင့်ပြုတယ်လားဘဲ ဟော့" ဟု ပြောလိုက်ရာ သူတပည့်များက

"ဟုတ် လိုက်လေ ဆရာကြီးရယ်။ ဆရာကြီးက အတော်စွမ်းသကိုး" သူတပည့်သားများ ရဲ့ တွက်ရေးကတော့ စက်သူဌေးပင် အတိုင်အဖောက်ညီစွာ မြှောက်ပင့်ပေးလေ၏။ မိုးမြေလည်း ကျင့်စဉ် ပြီးဆုံးကာ ရက္ခမူစွမ်းအားကြောင့် အလုံးစုံကို သိမြင် လာလေတော့သည် ။

ထိုပတ်ဝန်းကျင်မှ ပြောစကားများ သည် ၎င်း၏ နားအတွင်းသို့ ရိုက်ခတ် နေလေတော့သည် ။ သို့သော် ၎င်းတို့ အား မမြင်စေစိမ့်သောငှာ ရက္ခပညာ၏ ရိုးတံအရွက်ဖုံး ဟူသော ကျင့်စဉ်၏ ပထမအဆင့်ဖြင့် ပျောက်ကွယ်ကာ ထားလိုက်သည် ။

" အေးကွ အခု ငါတို့ လာတာ အခါကောင်းဘဲကွ။ အခု အပင်ကြီးကို ကြည့်စမ်း။ အဲ့အထဲမှာ အမြုတေ အဖြစ် နရဏီရွှေ ရှိနေနိုင်တယ်ကွ ... အဲ့ရွှေက ဟိုဘက် လမ်းရောက်ဖို့ သိပ်မလိုတဲ့ ရွှေကွ လက်ဝဲလက်ယာကြိုက်တာကို ရွေးရတယ် ငါတပည့်တို့ ရေ။ မင်းတို့ ဘဝတော့ ဖြောင့်ဖြူးတော့မှာ ပါ။ မင်းတို့ တစ်သက် မတွေ့ဖူး မမြင်ဖူးတဲ့ ရွှေငွေကျောက်သံပတ္တမြား တွေကို အကုန်ငါပေးမယ် ဟော့ ဟိုကောင် ခနေ လာစမ်း"ဟု ဆရာမိုးမှောင်က စကားပြောရင်း သူတပည့်ကို ခေါ်လိုက်လေ၏။

" ဗျာ ... ဆရာကြီး"

ခနေ၏ အသံကို ဦးမိုးမှောင်က -

"ဟေ့ကောင် .. ဗျာ အနောက်ထား လူသာ ငါ့ရှေ့လာစမ်းပါကွာ။ စောက်သုံးကို မကျဘူး။ မင်းတို့ နဲ့ အလုပ်အတူ လုပ်ရရင် ငါလေကုန်လို့

သေမှာ ဘဲ" ဟု ပြောစကားကို မိုးမြေက ပြုံးရင်း အသံထွက်ကာ ရီ(ရယ်) လိုက်လေ၏။

ထိုအခါ အားလုံးထဲမှ ပညာရည် အပြည့်ဝဆုံးသော ဦးမိုးမှောင်က

"ဟော့ကောင်တွေ အကုန်လုံး ခပ်မြန်မြန် အပင်ကို ပတ်ကြည့်စမ်း" ဟု စေခိုင်း လိုက်လေတော့၏။

သူ၏ တပည့်များ လည်း ပတ်၍ ကြည့်ရှု ကြလေ၏။ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့သော်လည်း သမင် နှစ်ကောင်ကို အပင်၏ အနီးအနားတွင် တွေ့လေ၏။ သို့သော် ထိုသမင်သည် လူတွေ့သော်လည်း ထွက်မပြေးချေ။ ထို့ကြောင့် လာဘ အမည်ရှိ တပည့်ကား လက်ထဲရှိ ဒူးလေးဖြင့် ကောက်ကာ ချိန်လိုက်၏။ သို့သော် ချက်ချင်းပင် သူရှေ့တွင်ကား

" ဖြန်း ... ဖြန်း သူတောင်းစား ဘူးတစ်လုံး နားမထွေးကောင် နင့်အမေလင်မို့ ပစ်တာလား " စကားက နောက်က လက်ကအရင် နားရင်း နှစ်ချက်တီးပြီးသား ဖြစ်သွားလေ၏။

အဘယ့်ကြောင့် အခုလို ရိုက်သည် ကို လာဘလည်း မသိတော့ချေ။ သို့သော်အကြောင်း ရှိမည်ကိုတော့ ဒက်ခနဲနေအောင် သိ လိုက်လေသည် ။

သူတွေးလို့ ပင် မဆုံးသေးချေ။ ဦးမိုးမှောင်က "ဟိုကောင်တွေ မှတ်ထားကြ။ အခုခေတ်က ကံငါးပါးကို မရရအောင် ထိန်းမယ်လို့ ကြံလိုက်တာနဲ့ ကျိုးပျက်အောင် အနှောင့်အယှက်တွေ များ လွန်းတယ်။ တောရဲ့ မာယာ ပရိယာယ်ကို မင်းတို့ မသိနားမလည် ထားရင် မုဆိုးက သားကောင် ဖြစ်လိမ့်မယ်ကွ သဘောပေါက်ကြ" သူ၏ တပည့်သားများကို ဆိုဆုံးမလေ၏။

မိုးမြေလည်း "အင်း ... အခုလူကြီးက စိတ်တော့ ကောင်းသား။ နားလည်မှု အခြေအနေ အပြည့်အဝရှိတယ်။ ကောင်းတယ် ကောင်းတယ်" စိတ်ထဲ မှတ်ချက်ချ နေလေ၏။

သို့သော် လူတို့ ၏ သဘော မနှောသည် မကောင်းမှု၌ အာရုံ ကျင်လည် ကျက်စားမှုသည် များ လေသောကြောင့် တပည့်များ သည် ဆိုလိုရင်း သဘောမပေါက်ကြချေ။

ထို့သို့နေရင်း တစ်နေ့တာ ကုန်ဆုံးသွားကာ လောက၏ အလင်းသည် လည်း အမှောင်ဘက်သို့ နွယ် လာလေတော့သည် ။

"တပည့်တို့ သတိထားကြပါ။ ငါတို့ က ထွက်ရပ်လမ်း ရည်မှန်းပြီး ပြဒါးပြာကို ရယူမှာ မို့ အနှောင့်အယှက် အဖျက်အဆီး များ တယ်ကွဲ့။ ရှေးပဝေသဏီထဲက ပြဒါးပြာကို ကွမ်းရိုး တစ်တို့ စာမျှ စားလျှင်ပင် အောက် သိဒ္ဓိ လေးပါးပြည့်စုံလျက် မြေလျှောက်ဝိဇ္ဇာ ဖြစ်တယ်လို့ စာထဲ ဆိုထားပေမဲ့ ဟုတ်မဟုတ်မသိနိုင်တော့ တို့ အနေနဲ့ လောဘကို အတတ်နိုင်ဆုံး သိမ်းဆည်းကြပါ"ဟု သတိပေးကာ အလုပ်ကိုယ်စီ ဝင်နေလေ၏။

ညသန်းခေါင် အချိန်သို့ ရောက်လတ်သော် "တပည့်တို့ အလုပ်စခန်း သိမ်းကြပါကွဲ့ " ဟု ဦးမိုးမှောင်က သတိပေးပြီးလျှင် အားလုံးက တညီတညွတ်တည်း အလုပ်စခန်း သိမ်းကြလေ၏။

ထိုအချိန် ဦးမိုးမှောင် ဂါထာတစ်ပုဒ်အား ဥာန်ကရိဏ်း ကျကျ ကျယ်လောင်စွာ ရွတ်ဆိုနေလေ၏။ မိုးမြေလည်း ၎င်းအား မတွေ့စိမ့်သောငှာ အပင်၏ စွမ်းအားဖြင့် ဖုံးကွယ်မြဲ ဖုံးကွယ်နေ၏။

ထိုသိုအချိန်တွင် ရွတ်ဆိုပြီးချိန်၌ တောသည် အိုးထိန်းစက်ကဲ့သို့ သွ

က်သွက် လာခါအောင် လှုပ်ယမ်း လာလေ၏။

ထို့သို့ လှုမ်းယမ်းနေရင်း အင်မတန်ကြီးမား၍ ခေါင်းတွင် အမောက်ရှိသော မြွေတစ်ကောင်သည် တရွေ့ရွေ့ သူတို့ အနား ချဉ်းကပ် လာလေ၏

ထို့သို့လာချိန်တွင် ဦးမိုးမှောင်က အရှေ့မှ မြွေအား လူကိုပြောသလို့ပင် " ဟော့ ဇရော ငါသည် အထက်အထက်သော လမ်းစဉ်တွေကို လိုက်စားပေမဲ့ ပညာရပ်ကို ရှေ့မ ရောက်သောကြောင့် မင်းဆီကို အထက်ဆရာကြီးများ အပ်နှင်းထားတဲ့ ပြဒါးပြာကို အလိုရှိလို့ သင့်ကို အခုလို ခေါ်ရတာပဲဖြစ်တယ် ဇရော" ပြောလေ၏။

ပြောပြီးပြီးချင်း ထိုမြွေသည် အရိပ်အရိပ်များ ဖြစ်ပေါ် လာပြီးလျှင် လူပုံစံ ဖြစ်ပေါ် လာလေ၏။

ပြီးလျှင် ထိုမြွေက "ကျွန်ုပ်အမည်ကို သင်သိပြီးဖြစ်၍ ကျွန်ုပ်၏ အကြောင်းလည်း သင်သိပြီးဖြစ်ချေလိမ့်မည်၊ အသင်လူသား သင့်အနေနဲ့ ပညာစဉ် တက်အောင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ကို ပြည့်ပြည့်ဂဂ မလေ့ကျင့်ဘဲ ဖြတ်လမ်းနည်းနဲ့ လေ့ကျင့်လေတော့ အခုလို ကျွန်ုပ် နဲ့ သင် တိုက်ခိုက်ရပေတော့မည်။ သူတစ်ပါး အသက်ကို မသတ်မိအောင် ကြိုးစားပေမဲ့ မရလို့ သတ်ခဲ့ရပေါင်းလည်း မနည်းဘူး" ဆရာမိုးမှောင်ကို နှစ်သိမ့်လေ၏။

***